**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ၂၀၁၉ ခုနှစ်၊ ဇူလိုင် လ အတွင်း အလုပ်သမားရေးရာဆိုင်ရာ ဆောင်ရွက်ချက်များ**

နိုင်ငံတော်၏ကုန်ထုတ်စွမ်းအားတိုးတက်စေရေးကိုတစ်ဖက်တစ်လမ်းမှအထောက်အကူပြုရာတွင် စက်ရုံအလုပ်ရုံများ၏ ကုန်ထုတ်စွမ်းအားတိုးတက်ရေးအတွက် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင်အေးချမ်းသာယာရေး၊ စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေး အကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်း၊ ဥပဒေပါရပိုင်ခွင့်များကို ပြည့်ပြည့်ဝဝမှန်မှန်ကန်ကန်ရရှိစေရေးတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျှက်ရှိပါသည်။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ပုံစံဖြင့် ကျား (၃၈၂၀) ဦး၊ မ (၅၅၈၇)ဦးတို့အတွက် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် စုစုပေါင်း(၉၄၀၇) ဦး ချုပ်ဆိုခဲ့ပါသည်။ အလုပ်ရှင်/အလုပ်သမားအငြင်းပွားမှုများကိုညှိနှိုင်းဖျန်ဖြေပေးရန်အတွက်မြို့နယ်များတွင်မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များကိုဖွဲ့စည်းထားရှိဆောင်ရွက်ခဲ့ရာ ၂၀၁၉ခုနှစ် ဇူလိုင်လ အတွင်း လက်ခံရရှိမှု (၁၀၄) မှုတွင် ကျေအေးမှု (၂၃) မှု၊ လွှဲပြောင်းမှု (၇) မှု ပိတ်သိမ်းမှု(၁၁)မှုနှင့်ငွေကြေးအကျိုးခံစားခွင့်(၆၃)မှုတို့ဖြစ်ပြီး ငွေကြေးအကျိုးခံစားခွင့်ရှိသူ ၂၅၇ ဦး အားငွေကျပ် ၁၆၂,၁၆၂,၉၇၅ ကိုခံစားခွင့်ရရှိစေခဲ့ပါသည်။ ကျွမ်းကျင်လုပ်သားများရရှိစေရန်လေ့ကျင့်ပေးခြင်းနှင့် ကျွမ်းကျင်မှုအဆင့်အလိုက်ကျွမ်းကျင်လုပ်သားများအားကျွမ်းကျင် မှုစစ်ဆေးအကဲဖြတ်၍ အသိအမှတ်ပြုလက်မှတ်များထုတ်ပေးခြင်းများအနေဖြင့် အောက်ပါအတိုင်း ဖြစ်ပါသည်-

**ကျွမ်းကျင်မှုလေကျင့်ရေးသင်တန်းကျောင်းများတွင် ၂၀၁၉ ခုနှစ် ဇူလိုင်လ အတွင်းဖွင့်လှစ်ခဲ့သော သင်တန်းများစာရင်း**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ | သင်တန်းသားဦးရေ | | |
|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း |
| ၁။ | လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်းသင်တန်း (ရန်ကင်း) | ၁၇-၇-၁၉ မှ ၂၀-၈-၁၉အထိ | ၃၂ | - | ၃၂ |
| ၂။ | လေအေးပေးစက်တပ်ဆင်/ပြုပြင်ခြင်း သင်တန်း(မန္တလေး) | ၂၂-၇-၁၉ မှ ၂၅-၈-၁၉အထိ | ၂၀ | - | ၂၀ |
| ၃။ | လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်းသင်တန်း (မန္တလေး) | ၁၇-၇-၁၉ မှ ၂၀-၈-၁၉ အထိ | ၃၅ | ၅ | ၄၀ |
| ၄။ | ပြည်ပအလုပ်အကိုင်ဆိုင်ရာလမ်းညွှန်သင်တန်း(မန္တလေး) | ၁ - ၇ - ၁၉ မှ ၂၇-၇-၁၉ အထိ | ၃,၀၅၁ | ၆၇၆ | ၃,၇၂၇ |

| စဉ် | သင်တန်းအမည် | သင်တန်းကာလ | သင်တန်းသားဦးရေ | | |
|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း |
| ၅။ | ပြည်ပအလုပ်အကိုင်ဆိုင်ရာလမ်းညွှန်သင်တန်း(မြောက်ဒဂုံ) | ၂၄-၆-၁၉ မှ ၂၄-၇-၁၉ အထိ | ၄,၃၀၃ | ၇၃၈ | ၅,၀၄၁ |
| **စုစုပေါင်း** | | | **၇,၄၄၄** | **၁,၄၂၄** | **၈,၈၆၀** |

## ၂၀၁၉ခုနှစ်၊ဇူလိုင်လအတွင်း ကျွမ်းကျင်လုပ်သားများအား ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ခြင်းဇယား

| စဉ် | အလုပ်အကိုင်အမည် | အဆင့် | ဖြေဆိုသူ | | | အောင်မြင်သူ | | |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁။ | Small Engine | Level-1 | ၃၉ | - | ၃၉ | ၃၈ | - | ၃၈ |
| ၂။ | Garment | Level-1 | ၁၉ | ၉၉ | ၁၁၈ | ၁၈ | ၉၃ | ၁၁၁ |
| ၃။ | Electrician | Level-1 | ၃၇ | ၃ | ၄၀ | ၃၇ | ၃ | ၄၀ |
| ၄။ | Automotive | Level-1 | ၃၁ | - | ၃၁ | ၂၅ | - | ၂၅ |
| ၅။ | Room Attendant | Level-1 | ၇ | ၃ | ၁၀ | ၇ | ၃ | ၁၀ |
| ၆။ | Brick Layer | Level-1 | ၂၅ | - | ၂၅ | ၂၁ | - | ၂၁ |
| ၇။ | Carpenter | Level-1 | ၁၀ | - | ၁၀ | ၈ | - | ၈ |
| ၈။ | Machinists | Level-1 | ၁၂ | - | ၁၂ | ၉ | - | ၉ |
| ၉။ | MMAW | Level-1 | ၁၅ | - | ၁၅ | ၁၄ | - | ၁၄ |
| ၁၀။ | GMAW | Level-1 | ၅ | - | ၅ | ၅ | - | ၅ |
| ၁၁။ | FCAW | Level-1 | ၁၀ | - | ၁၀ | ၉ | - | ၉ |
| ၁၂။ | Waiting Staff | Level-1 | ၇ | ၁၁ | ၁၈ | ၇ | ၁၀ | ၁၇ |
| ၁၃။ | Tiler | Level-1 | ၁၆ | - | ၁၆ | ၁၂ | - | ၁၂ |
| **စုစုပေါင်း** | | | **၂၃၃** | **၁၁၆** | **၃၄၉** | **၂၁၀** | **၁၀၉** | **၃၁၉** |
| ၁။ | Electrician | Level-2 | ၇၀ | - | ၇၀ | ၇၀ | - | ၇၀ |
| ၂။ | Pneumatic | Level-2 | ၁၈ | ၂ | ၂၀ | ၁၇ | ၁ | ၁၈ |
| **စုစုပေါင်း** | | | **၈၈** | **၂** | **၉၀** | **၈၇** | **၁** | **၈၈** |
| **စုစုပေါင်း (Level-1 & Level-2)** | | | **၃၂၁** | **၁၁၈** | **၄၃၉** | **၂၉၇** | **၁၁၀** | **၄၀၇** |

အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနအနေဖြင့် အများပြည်သူအလုပ်ပိတ်ရက် အလုပ်လုပ်ခြင်း၊ လုပ်သက်ခွင့်ကို ငွေကြေးဖြင့် ခံစားခွင့်ပေးခြင်း၊ လုပ်အားခ ကျန်ငွေမရရှိမှုများ၊ ရှောင်တခင်ခွင့်၊ ဆေးခွင့်နှင့် မီးဖွားခွင့်များယူရာတွင် ငွေကြေးခံစားခွင့်များရရှိအောင်ဆောင်ရွက်ပေးခဲ့ရာ ငွေကြေးခံစားခွင့် ငွေကျပ် သိန်းပေါင်း ၈၆၀၀ ကျော် ကိုခံစားခွင့်ပေးနိုင်ခဲ့ပြီး စက်ရုံ/အလုပ်ရုံများတွင် အလုပ်သမားများ လုပ်ငန်းခွင်ဘေး အန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး အသိပညာရရှိစေရန် အတွက်မြို့နယ်အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ စစ်ဆေးရေးအရာရှိများက စက်ရုံ/ အလုပ်ရုံ (၅၃၂) ရုံမှ အလုပ်ရှင်၊ အလုပ်သမားများအား လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး၊ ကျန်းမာရေးဆိုင်ရာနှင့် ဥပဒေရေးရာသိမှတ်ဖွယ်ရာများအား ပညာပေးဟောပြောပို့ချမှု (၂၂၅) ကြိမ် ဆောင်ရွက်ခဲ့ပါသည်။

အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနအနေဖြင့် အလုပ်ရှင်အလုပ်သမားအငြင်းပွားမှုများ ဖြေရှင်းဆောင်ရွက်ရာတွင် ခုံသမာဓိအဖွဲ့တွင် (၆)မှု နှင့် ခုံသမာဓိ ကောင်စီတွင် (၂)မှု ကိုဖြေရှင်း ဆောင် ရွက်ပေးခဲ့ပါသည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် လူမှုဖူလုံရေးဥပဒေတွင် အကျုံးဝင်သောစက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ရာတွင် ငွေကြေးအကျိုးခံစားခွင့်များ ထုတ်ပေးမှုအနေဖြင့် အာမခံအလုပ်သမားများ အား ငွေကြေးအကျိုးခံစားခွင့်များအလိုက် ငွေကျပ်သိန်းပေါင်း ၁၃၀၀၀ ကျော် အကျိုးခံစားခွင့်ပေး ခဲ့ပြီး အာမခံအလုပ်သမား ၁၂၁၂ ဦး အတွက် ဆေးဖိုးကုန်ကျငွေ ကျပ်သိန်း ၁၁၀၀ ကျော် ပြန်လည် ထုတ်ပေးခဲ့ပါသည်။

အာမခံအလုပ်သမားများအား ၂၀၁၉ ခုနှစ်၊ ဇူလိုင် လ အတွင်း အလုပ်သမားဆေးရုံကြီးများ၊ လူမှုဖူလုံရေးဆေးခန်းများ နှင့် ဌာနကြီးဆေးခန်းများတွင် ဆေးကုသပေးမှု အခြေအနေများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**ဆေးဝါးကုသပေးမှုအခြေအနေ**

| စဉ် | အကြောင်းအရာ | ဆေးကုသပေးမှုဦးရေ |
|---|---|---|
| က | အလုပ်သမားဆေးရုံကြီး (၃)ရုံ<br>(ပြင်ပလူနာ ၈၉၉၄ ဦး ၊ အတွင်းလူနာ ၆၇၀ ဦး) | ၉၆၆၄ ဦး |
| ခ | လူမှုဖူလုံရေးဆေးခန်း(၉၆)ခန်း၊ ဌာနကြီးဆေးခန်း<br>(၅၇)ခန်းနှင့် လူမှုဖူလုံရေး-ကဲဝဲလ်ဆေးခန်း(၄)ခန်း | ၉၈၁၁၇ ဦး |

| | | |
|---|---|---|
| | နှင့် PPS စနစ်ဖြင့်စာချုပ်ချုပ်ဆိုထားသည့် ဆေးခန်း (၇)ခန်းတို့မှ ဆေးကုသပေးမှု | |
| ဂ | အလုပ်သမားဆေးရုံကြီး (၃)ရုံ မှ ဆရာဝန်များကွင်းဆင်းဆေးကုသပေးမှု (၄)ကြိမ် | ၆၃၁ ဦး |
| ဃ | လူမှုဖူလုံရေးဆေးခန်းများမှ ဆရာဝန်များကွင်းဆင်းဆေးကုသမှု (၇၀)ကြိမ် | ၁၆၇၄ ဦး |